ပြည်ထောင်စုလွှတ်တော်ရုံးက ၂၁-၁-၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

# လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

၁။ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၁-၆-၂၀၁၈ ရက်တွင် ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က ၁၂-၉-၂၀၁၈ ရက်တွင် ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်က သဘောမတူသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ၁၄-၁၂-၂၀၁၈ ရက်တွင် ပေးပို့ခဲ့ပါသည်။

၂။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များအပေါ် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာတင်ပြရန် ပြည်ထောင်စုလွှတ်တော် နာယက က ၁၇-၁၂-၂၀၁၈ ရက်တွင် တာဝန်ပေးအပ်ခဲ့ပါသည်။

၃။ သို့ပါ၍ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၁၇-၁-၂၀၁၉ ရက်တွင် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှတာဝန်ရှိပုဂ္ဂိုလ်များဖြင့် အစည်းအဝေးကျင်းပခဲ့ပြီး ဥပဒေကြမ်းပါသဘောကွဲလွဲချက်များကို လေ့လာစိစစ်ခဲ့ကြပါသည်။

၄။ ယင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၂ ပါ ပုဒ်မ ၂ ပုဒ်မခွဲ (ဈ)၊ (ည) နှင့် (ဋ)၊ အပိုဒ် ၃ ပါ ပုဒ်မ ၃ ပုဒ်မခွဲ (က) ၏ ခြေဆင်းနှင့် ပုဒ်မခွဲ (ခ) ၏ ခြေဆင်း၊ အပိုဒ် ၉ ပါ ပုဒ်မ ၁၂၊ အပိုဒ် ၁၁ ပါ ပုဒ်မ ၁၃၊ အပိုဒ် ၁၂ ပါ ပုဒ်မ ၁၄၊ အပိုဒ် ၂၀ ပါ ပုဒ်မ ၂၃၊ အပိုဒ် ၂၁ ပါ ပုဒ်မ ၂၄ ၏ ခြေဆင်း ပုဒ်မခွဲ (က) နှင့် (ခ)၊ အပိုဒ် ၂၂ ပါ ပုဒ်မ ၂၅၊ အပိုဒ် ၂၄ ပါ ပုဒ်မ ၂၇၊ အပိုဒ် ၃၇ ပါ ပုဒ်မ ၄၆၊ အပိုဒ် ၃၈ ပါ ပုဒ်မ ၄၆-က၊ အပိုဒ် ၃၉ ပါ ပုဒ်မ ၄၇၊ အပိုဒ် ၄၀ ပါ ပုဒ်မ ၄၈၊ အပိုဒ် ၄၁ ပါ ပုဒ်မ ၄၈-က၊ အပိုဒ် ၄၂ ပါ ပုဒ်မ ၄၉-က၊ အပိုဒ် ၄၃ ပါ ပုဒ်မ ၅၀ နှင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ် ၇ ပါ ပုဒ်မ ၉ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၂ ပါ ပုဒ်မ ၂ ပုဒ်မခွဲ (ဈ)၊ အပိုဒ် ၁၀ ပါ ပုဒ်မ ၁၂-က၊ အပိုဒ် ၁၃ ပါ ပုဒ်မ ၁၆ ပုဒ်မခွဲ (ခ)၊ အပိုဒ် ၁၅ ပါ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဃ) နှင့် အပိုဒ် ၄၂ ပါ

၂ ပြည်ထောင်စုလွှတ်တော်ရုံးက ၂၃-၁-၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

ပုဒ်မ ၄၉-ခ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပယ်ဖျက်၍လည်းကောင်း၊ အပိုဒ် ၂၈ ပါ ပုဒ်မ ၃၃ နှင့် အပိုဒ် ၃၃ ပါ ပုဒ်မ ၃၉ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း လည်းကောင်း၊ အပိုဒ် ၂ ပါ ပုဒ်မ ၂ ပုဒ်မခွဲ (က) နှင့် (ခ)၊ အပိုဒ် ၇ ပါ ပုဒ်မ ၁၀၊ အပိုဒ် ၁၃ ပါ ပုဒ်မ ၁၆ ပုဒ်မခွဲ (က)၊ အပိုဒ် ၁၅ ပါ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) နှင့် (ဂ)၊ အပိုဒ် ၃၁ ပါ ပုဒ်မ ၃၈၊ အပိုဒ် ၃၂ ပါ ပုဒ်မ ၃၈-က၊ အပိုဒ် ၃၄ ပါ ပုဒ်မ ၃၉-က နှင့် အပိုဒ် ၃၅ ပါ ပုဒ်မ ၄၃ တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းလည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ဥပဒေကြမ်းပူးပေါင်းကော်မတီက ညှိနှိုင်းသဘောတူညီခဲ့သည့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အပိုဒ်၊ အပိုဒ်ခွဲများကို နောက်ဆက်တွဲပါ ကန့်လန့်ဖြတ်ဇယားဖြင့် ပြုစုတင်ပြထားရှိပါသည်။

၆။ သို့ပါ၍ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂ နှင့်အညီ ဥပဒေကြမ်း ပူးပေါင်းကော်မတီက အစီရင်ခံတင်ပြအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ

ပြည်ထောင်စုလွှတ်တော်ရုံးက ၂၁-၁-၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

## လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်

ရက်စွဲ။ ၁၇-၁-၂၀၁၉

| စဉ် | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| ၁ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂ တွင်-<br>(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(က) အလုပ်သမား ဆိုသည်မှာ အလုပ်ရှင်ထံ ကာယအား၊ ဉာဏအားအသုံးပြုပြီး အချိန်ပိုင်းအလုပ်၊ အမြဲတမ်းအလုပ်၊ အလုပ်သင်အဖြစ် သို့မဟုတ် အစမ်းခန့်အဖြစ်ဖြင့် အခကြေးငွေရယူပြီး လုပ်ဆောင်သူဖြစ်သည်။ ယင်းစကားရပ်တွင် နိုင်ငံ့ဝန်ထမ်းများ ပါဝင်ပြီး အငြင်းပွားမှုဖြစ်ပွားနေစဉ်အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမားများလည်း ပါဝင်သည်။ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းဝင်တို့မပါဝင်။ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂ တွင်-<br>(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(က) အလုပ်သမား ဆိုသည်မှာ မိမိ၏ ကာယအား၊ ဉာဏအားကိုအသုံးပြုပြီး အလုပ်ရှင်၏ အချိန်ပိုင်းအလုပ်ကိုဖြစ်စေ၊ အမြဲတမ်းအလုပ် ကိုဖြစ်စေ လုပ်ကိုင်၍ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူကိုသော်လည်းကောင်း၊ အခကြေးငွေမရရှိသော်လည်း အလုပ်လုပ်ကိုင်လျက်ရှိသောသူကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သင်များ၊ အစမ်းခန့်များနှင့် အငြင်းပွားမှုဖြစ်ပွားနေစဉ်အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမားများလည်း ပါဝင်သည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းများ မပါဝင်။ | အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂ တွင်-<br>(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(က) အလုပ်သမားဆိုသည်မှာ အလုပ်ရှင်ထံ ကာယအား၊ ဉာဏအားအသုံးပြု၍ အခကြေးငွေရယူပြီး လုပ်ကိုင်သူကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သင်၊ အစမ်းခန့်နှင့် အငြင်းပွားမှု ဖြစ်ပွားနေစဉ်အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမားများလည်း ပါဝင်သည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင် အဖွဲ့အစည်းများ မပါဝင်။ |
| ၂ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂ တွင်-<br>( ခ ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>( ဂ ) အလုပ်ရှင် ဆိုသည်မှာ မိမိ၏လုပ်ငန်းအတွက် လုပ်အားကိုရရှိရန် အလုပ်သမားအား ခိုင်းစေပြီး အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်သေဆုံးသည့်အခါ သို့မဟုတ် နာမကျန်း၍ လုပ်ငန်းကို စီမံခန့်ခွဲမှုမပြုနိုင်သောအခါ လုပ်ငန်းအမွေဆက်ခံသူ သို့မဟုတ် ၎င်း၏တရားဝင်ကိုယ်စားလှယ်၊ အစုစပ်ဖြစ်ပါက လုပ်ငန်းကိုကြီးကြပ်အုပ်ချုပ်ရန် တရားဝင် လွှဲအပ်အုပ်ချုပ်ခံရသူ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂ တွင်-<br>( ခ ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>( ဂ ) အလုပ်ရှင် ဆိုသည်မှာ မိမိ၏ လုပ်ငန်းအတွက် လုပ်အား၊ နည်းပညာ သို့မဟုတ် ကျွမ်းကျင်မှုကိုရရှိရန် အလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်သေဆုံးသည့်အခါ သို့မဟုတ် နာမကျန်း၍ လုပ်ငန်းကို စီမံခန့်ခွဲမှုမပြုနိုင်သောအခါ လုပ်ငန်းအမွေဆက်ခံသူ သို့မဟုတ် ၎င်း၏ တရားဝင်ကိုယ်စားလှယ်၊ အစုစပ်ဖြစ်ပါက လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရန် တရားဝင် လွှဲအပ်အုပ်ချုပ်ခံရသူ၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ | အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂ တွင်-<br>( ခ ) ပုဒ်မခွဲ(ဂ)ကိုအောက်ပါအတိုင်း အစားထိုးရမည်-<br>( ဂ ) အလုပ်ရှင် ဆိုသည်မှာ မိမိ၏လုပ်ငန်းအတွက် လုပ်အားကိုရရှိရန် အလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းအမွေဆက်ခံသူ သို့မဟုတ် ၎င်း၏ တရားဝင်ကိုယ်စားလှယ်၊ အခွင့်ရကိုယ်စားလှယ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တည်ထောင်သော ကုမ္ပဏီဖြစ်ပါက လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်မည့် အကြီးအကဲနှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များလည်း ပါဝင်သည်။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| | တည်ထောင်သော ကုမ္ပဏီဖြစ်ပါက လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်မည့် အကြီးအကဲနှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များလည်း ပါဝင်သည်။ | တည်ထောင်သော ကုမ္ပဏီဖြစ်ပါက လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်မည့် အကြီးအကဲနှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များလည်း ပါဝင်သည်။ | |
| ၃ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂တွင်-<br>( ဓ ) ပုဒ်မခွဲ (ဃ) နှင့် (ဏ) တို့ကို ပယ်ဖျက်ရမည်။ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂တွင်-<br>( ဓ ) ပုဒ်မခွဲ (ဃ) နှင့် (ဏ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>( ဃ ) **အခွင့်အရေးဆိုင်ရာ အငြင်းပွားမှု** ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်သမားများ၏ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုကိုဆိုသည်။<br>(ဏ) **အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှု** ဆိုသည်မှာ စုပေါင်းသဘောတူညီချက်နှင့် စပ်လျဉ်းသော အငြင်းပွားမှု၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များနှင့် အကျုံးဝင်မှုမရှိသော်လည်း အလုပ်သမားအများစု၏ ရသင့်ရထိုက်သော အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများနှင့် လုပ်ငန်းခွင်ဆက်ဆံရေးနှင့်စပ်လျဉ်းသော အငြင်းပွားမှုများကိုဆိုသည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၄ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂တွင်-<br>( ဈ ) ပုဒ်မခွဲ(တ)၊ (ထ)၊ (ဒ)၊ (ဓ)၊(န) နှင့် (ပ) တို့ကို ပုဒ်မခွဲ (ဃ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ) နှင့် (ဓ) တို့ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။ | ပယ်ဖျက်သည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၅ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂တွင်-<br>(ည) ပုဒ်မခွဲ (ဖ) နှင့်(ဗ) တို့ကို ပုဒ်မခွဲ (န) နှင့် (ပ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတို့တွင်ပါရှိသော "အလုပ်သမား ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂တွင်-<br>(ဈ ) ပုဒ်မခွဲ(ဖ) နှင့် (ဗ) တို့တွင်ပါရှိသော "အလုပ်သမား ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၆ | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂တွင်-<br>( ဋ ) ပုဒ်မခွဲ(ဗ)ကို ပုဒ်မခွဲ(ပ)အဖြစ် ပြင်ဆင်ပြီး ပုဒ်မခွဲ (ပ) | ၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂တွင်-<br>(ည) ပုဒ်မခွဲ (ဗ) ၏နောက်တွင် ပုဒ်မခွဲ (ဘ) အဖြစ် အောက်ပါ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| | ၏ နောက်တွင် ပုဒ်မခွဲ (ဖ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(ဖ) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနကိုဆိုသည်။ | အတိုင်း ဖြည့်စွက်ရမည်-<br>(ဘ) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနကိုဆိုသည်။ | |
| ၇ | ၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃ တွင်-<br>(က) ပုဒ်မခွဲ (က) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(က) အလုပ်သမားအဖွဲ့အစည်းရှိလျှင် စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နိုင်ရေးအတွက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-<br>(ဂ) ပုဒ်မခွဲ (ခ) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(ခ) အလုပ်သမားအဖွဲ့အစည်းမရှိလျှင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်- | ၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃ တွင်-<br>(က) ပုဒ်မခွဲ (က) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(က) အလုပ်သမားအဖွဲ့အစည်းရှိလျှင် စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နိုင်ရေးအတွက် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီကို သတ်မှတ်ကာလအတွင်း အောက်ပါအတိုင်း ဖွဲ့စည်းရမည်-<br>(ဂ) ပုဒ်မခွဲ (ခ) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(ခ) အလုပ်သမားအဖွဲ့အစည်းမရှိလျှင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို သတ်မှတ်ကာလအတွင်း အောက်ပါအတိုင်း ဖွဲ့စည်းရမည်- | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၈ | - | ၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၉။ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၇ အရ ဆွေးနွေး ညှိနှိုင်းရာတွင်-<br>(က) ပြေငြိမ်းမှုရရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများသည် စုပေါင်းသဘောတူညီချက် ချုပ်ဆိုပြီး သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ မိတ္တူ ပေးပို့ရမည်။<br>(ခ) ပြေငြိမ်းမှုမရရှိသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖျန်ဖြေရေးကို ဆက်လက်ခံယူလိုပါက အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။<br>(ဂ) စုပေါင်းသဘောတူညီချက်ကို လိုက်နာမှုမရှိပါက နစ်နာသူသည် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။<br>(ဃ) စုပေါင်းသဘောတူညီချက်၏ သက်တမ်း ကာလမှာ တစ်နှစ်ဖြစ်ရမည်။ အဆိုပါသက်တမ်း ကာလအတွင်း | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| | | သဘောတူညီထားသည့်အချက်နှင့်စပ်လျဉ်း၍ ထပ်မံတောင်းဆိုခြင်း မပြုရ။ | |
| ၉ | ၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၀။ ဝန်ကြီးဌာနသည် မြို့နယ်အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်- | ၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၀။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် - | အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၀။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် - |
| | | (၁) သက်ဆိုင်ရာ တိုင်းဒေသကြီး ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က တာဝန်ပေးအပ်သူ တစ်ဦး၊ | (၁) သက်ဆိုင်ရာ တိုင်းဒေသကြီး ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီး အဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦး၊ |
| | (က) အခြေခံနှင့်မြို့နယ်အဆင့် အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်ပေးသော အလုပ်ရှင်ကိုယ်စားလှယ် သုံးဦး၊ | (၂) အခြေခံနှင့် မြို့နယ် အလုပ်ရှင် အဖွဲ့ဝင် အဖွဲ့အစည်းများက ရွေးချယ်ပေးသော အခြေခံနှင့် မြို့နယ်အဆင့်အလုပ်ရှင် အဖွဲ့အစည်းဝင်ကိုယ်စားလှယ်သုံးဦး၊ | (၂) အခြေခံနှင့် မြို့နယ် အလုပ်ရှင် အဖွဲ့ဝင် အဖွဲ့အစည်းများက ရွေးချယ်ပေးသောအခြေခံနှင့်မြို့နယ် အဆင့်အလုပ်ရှင်အဖွဲ့အစည်း ဝင်ကိုယ်စားလှယ်သုံးဦး၊ |
| | (ခ) အခြေခံနှင့် မြို့နယ်အဆင့် အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော အလုပ်သမားကိုယ်စားလှယ် သုံးဦး၊ | (၃) အခြေခံနှင့်မြို့နယ်အလုပ်သမား အဖွဲ့ဝင် အဖွဲ့အစည်းများက ရွေးချယ်ပေးသော အခြေခံနှင့် မြို့နယ်အဆင့် အလုပ်သမားအဖွဲ့အစည်းဝင် ကိုယ်စားလှယ် သုံးဦး၊ | (၃) အခြေခံနှင့်မြို့နယ်အလုပ်သမား အဖွဲ့ဝင် အဖွဲ့အစည်းများက ရွေးချယ်ပေးသောအခြေခံနှင့်မြို့နယ် အဆင့်အလုပ်သမားအဖွဲ့အစည်း ဝင်ကိုယ်စားလှယ်သုံးဦး၊ |
| | | (၄) သက်ဆိုင်ရာ မြို့နယ်အဆင့် အဖွဲ့ဝင် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ် တစ်ဦး၊ | (၄) သက်ဆိုင်ရာ မြို့နယ်အဆင့် အဖွဲ့ဝင် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ် တစ်ဦး၊ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
| --- | --- | --- | --- |
| | (ဂ) ဝန်ကြီးဌာနက တာဝန်ပေးအပ်သော မြို့နယ်အဆင့် ကိုယ်စားလှယ် သုံးဦးတို့ဖြင့် ဖွဲ့စည်းရမည်။<br>(ဃ) ထိုဖွဲ့စည်းပြီးသော ကိုယ်စားလှယ်များ ပါဝင်သည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို အဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။ | (၅) ဝန်ကြီးဌာနက တာဝန် အတွင်းရေးမှူး ပေးအပ်သူ တစ်ဦး<br>(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ကိုစက်ရုံ၊အလုပ်ရုံများ၊ အလုပ်သမားဦးရေနှင့် အငြင်းပွားမှုများပြားသော မြို့နယ်များတွင် လိုအပ်ပါကတစ်ဖွဲ့ထက်ပို၍ ဖွဲ့စည်းနိုင်သည်။ | (၅) ဝန်ကြီးဌာနကတာဝန်ပေး အတွင်းရေးမှူး အပ်ခြင်းခံရသူတစ်ဦး<br>(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ကို စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်သမားဦးရေနှင့် အငြင်းပွားမှုများပြားသော မြို့နယ်များတွင် လိုအပ်ပါက တစ်ဖွဲ့ ထက်ပို၍ ဖွဲ့စည်းနိုင်သည်။ |
| ၁၀ | ၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် တိုင်ကြားလာသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုအား ပြေငြိမ်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ဖျန်ဖြေဆောင်ရွက်ရမည်။ | ၁၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည်-<br>(က) တိုင်ကြားလာသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုအား ပြေငြိမ်းစေရေး အတွက် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ဖျန်ဖြေဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အခွင့်အရေး ဆိုင်ရာ အငြင်းပွားမှု သို့မဟုတ် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှု အမျိုးအစား ခွဲခြားသတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။<br>(ခ) ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အကျုံးမဝင်သည့် အငြင်းပွားမှုများ၊ အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုများနှင့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ၏ စုပေါင်းသဘောတူညီချက်ကို လိုက်နာမှုမရှိ၍ တိုင်ကြားလာသည့် အချက်များသည် တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များဖြစ်ပါက သက်ဆိုင်ရာ ဦးစီးဌာနများ၊ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်ရန် သက်ဆိုင်ရာအလုပ်ရှင် အလုပ်သမားများထံ အသိပေးရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| ၁၁ | ၁၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၁၂-က။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အကျုံးမဝင်သည့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာနများ၊ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်ရန် သက်ဆိုင်ရာ အလုပ်ရှင်အလုပ်သမားများထံသို့ အသိပေးရမည်။ | ပယ်ဖျက်သည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၁၂ | ၁၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၃ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၃။ ဝန်ကြီးဌာနသည် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ခုံသမာဓိအဖွဲ့များ၊ ခုံကောင်စီအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ယင်းတို့ကိုပြင်ဆင်ခြင်းကိစ္စရပ်များအား ဆောင်ရွက်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် အုပ်ချုပ်မှုဆိုင်ရာ ကူညီထောက်ပံ့မှုပေးရမည်။ | ၁၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် ပုဒ်မ ၁၀ အရ ဖွဲ့စည်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းအပါအဝင် အခြား လိုအပ်သည့် ကိစ္စရပ်များအား ဆောင်ရွက်ရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၁၃ | ၁၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၄။ မြန်မာနိုင်ငံအတွင်း တည်ထောင်ထားရှိသည့် အထူးစီးပွားရေးဇုန်တွင် အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးအတွက် သီးခြားဥပဒေ ပြဋ္ဌာန်းချက်မရှိလျှင် ဝန်ကြီးဌာနသည် ပုဒ်မ ၁၀ ပါအတိုင်း အထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းရမည်။ | ၁၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၄။ မြန်မာနိုင်ငံအတွင်း တည်ထောင်ထားရှိသည့် အထူးစီးပွားရေးဇုန်တွင် အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးအတွက် သီးခြားဥပဒေ ပြဋ္ဌာန်းချက်မရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် ပုဒ်မ ၁၀ ပါအတိုင်း အထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၁၄ | ၁၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၆။(က) ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်- | ၁၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၆။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်- | အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၁၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၁၆။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်- |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| | (၁) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ အဖွဲ့ဝင် ပြည်နယ်အဆင့်နှင့် မြို့နယ် အဆင့် အလုပ်ရှင် အဖွဲ့အစည်း များက ရွေးချယ်သောပုဂ္ဂိုလ် ငါးဦး၊<br>(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ အဖွဲ့ဝင် ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် အလုပ်သမား အဖွဲ့အစည်းများ က ရွေးချယ်သော ပုဂ္ဂိုလ် ငါးဦး၊<br>(၃) ဝန်ကြီးဌာနကတာဝန်ပေးအပ် အဖွဲ့ဝင် သောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ် ငါးဦးတို့ဖြင့် ဖွဲ့စည်းရမည်။<br>(၄) ထိုဖွဲ့စည်းပြီးသော ကိုယ်စားလှယ်များ ပါဝင်သည့် ပြည်နယ် သို့မဟုတ် တိုင်း ဒေသကြီး ခုံသမာဓိ အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို အဖွဲ့ဝင် များ၏ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။ | (က) သက်ဆိုင်ရာ တိုင်းဒေသကြီး ဥက္ကဋ္ဌ သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ်နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သူ တစ်ဦး၊<br>(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး အဖွဲ့ဝင် သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်နှင့် အခြေခံအလုပ်ရှင် အဖွဲ့အစည်းဝင် များက အဆိုပါ အဖွဲ့အစည်းဝင်များ ထဲမှ ဆန္ဒမဲဖြင့် ရွေးချယ်သောကိုယ်စား လှယ် ငါးဦး၊<br>(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး အဖွဲ့ဝင် သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်နှင့် အခြေခံအလုပ်သမား အဖွဲ့အစည်းဝင် များက အဆိုပါ အဖွဲ့အစည်းဝင်များ ထဲမှဆန္ဒမဲဖြင့်ရွေးချယ်သော ကိုယ်စားလှယ် ငါးဦး၊<br>(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး အဖွဲ့ဝင် သို့မဟုတ်ပြည်နယ်အဆင့်အစိုးရဌာန ဆိုင်ရာကိုယ်စားလှယ် သုံးဦး၊<br>(င) ဝန်ကြီးဌာနကတာဝန်ပေး အတွင်းရေးမှူး အပ်သူ တစ်ဦး ၊ | (က) သက်ဆိုင်ရာ တိုင်းဒေသကြီး ဥက္ကဋ္ဌ သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ်နေပြည်တော်ကောင်စီက တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦး၊<br>(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး အဖွဲ့ဝင် သို့မဟုတ်ပြည်နယ်သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်နှင့်အခြေခံအလုပ်ရှင်အဖွဲ့ အစည်းဝင်များကအဆိုပါအဖွဲ့ အစည်းဝင်များထဲမှဆန္ဒမဲဖြင့် ရွေးချယ်သောကိုယ်စားလှယ် ငါးဦး၊<br>(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး အဖွဲ့ဝင် သို့မဟုတ်ပြည်နယ်သို့မဟုတ်ပြည်ထောင်စု နယ်မြေရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်နှင့် အခြေခံအလုပ် သမား အဖွဲ့အစည်းဝင်များက အဆိုပါ အဖွဲ့အစည်းဝင်များထဲမှ ဆန္ဒမဲဖြင့် ရွေးချယ်သော ကိုယ်စားလှယ် ငါးဦး၊<br>(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး အဖွဲ့ဝင် သို့မဟုတ်ပြည်နယ်အဆင့်အစိုးရဌာန ဆိုင်ရာကိုယ်စားလှယ် သုံးဦး၊<br>(င) ဝန်ကြီးဌာနကတာဝန်ပေး အတွင်းရေးမှူး အပ်ခြင်းခံရသူ တစ်ဦး ၊ |
| ၁၅ | ၁၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(ခ) ဝန်ကြီးဌာနသည် နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသများရှိ ရွေးချယ်တင်မြှောက်လိုက်သော | ပယ်ဖျက်သည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| | ခုံသမာဓိအဖွဲ့ အမည်စာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။ | | |
| ၁၆ | ၁၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>( ခ ) နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အလုပ်ရှင်အဖွဲ့ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် မြို့နယ် အဆင့် အလုပ်ရှင်အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သော ပုဂ္ဂိုလ် ငါးဦး၊<br>( ဂ ) နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် မြို့နယ်အဆင့် အလုပ်သမား အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သောပုဂ္ဂိုလ် ငါးဦး၊ | ၁၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>( ခ ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့၊ အလုပ်ရှင် အဖွဲ့ချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ အလုပ်ရှင် အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အလုပ်ရှင် အဖွဲ့အစည်းများ၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း များက ပူးပေါင်းရွေးချယ်သောပုဂ္ဂိုလ် ငါးဦး၊<br>( ဂ ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ အလုပ်သမားအဖွဲ့အစည်းများ၊ မြို့နယ်အလုပ်သမား အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သောပုဂ္ဂိုလ် ငါးဦး၊ | အောက်ပါအတိုင်းပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၁၅။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အလုပ်ရှင် အဖွဲ့ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် မြို့နယ်အလုပ်ရှင် အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သော ပုဂ္ဂိုလ် ငါးဦး၊<br>( ဂ ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အလုပ်သမား အဖွဲ့အစည်းများ၊ မြို့နယ် အလုပ်သမားအဖွဲ့ အစည်းများက ပူးပေါင်းရွေးချယ် သော ပုဂ္ဂိုလ် ငါးဦး၊ |
| ၁၇ | ၁၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၁၉ အပိုဒ်ခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>(ဃ) ထိုဖွဲ့စည်းပြီးသော ကိုယ်စားလှယ်များ ပါဝင်သည့် ခုံသမာဓိကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့ကို အဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။ | ပယ်ဖျက်သည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၁၈ | ၂၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၂၃။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီသည် အငြင်းပွားမှုများ ဖြေရှင်းရာတွင် တည်ဆဲအလုပ်သမား ဥပဒေများမှ ပြဋ္ဌာန်းချက်များအပေါ်တွင်သာ အဓိကထား စဉ်းစားဆုံးဖြတ်ရမည်။ | ၂၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၂၃။ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်သည် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ မကျေနပ်သူ ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာ ဦးစီးဌာနများ သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်သည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| ၁၉ | ၂၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၄ ၏ ခြေဆင်း၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့ကို အောက်ပါ အတိုင်း အစားထိုးရမည်-<br>၂၄။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်၏ တိုင်ကြားချက်အရဖြစ်စေ၊ ဝန်ကြီး၏ အကြောင်းကြားချက်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားချက် အရဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုကို သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက် ရမည်-<br>(က) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် နေ့ရက်မှ တရားဝင်ရုံးပိတ်ရက် များမပါ သုံးရက်အတွင်း ပြေငြိမ်းစေရန် ဖျန်ဖြေ ပေးခြင်း၊<br>( ခ ) ပုဒ်မခွဲ (က) အရ ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရှိပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် နှစ်ဘက် သဘောတူစာချုပ် ချုပ်ဆိုစေခြင်း၊ | ၂၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၄ ၏ ခြေဆင်း၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၂၄။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်၏ တိုင်ကြားချက်အရဖြစ်စေ၊ ဝန်ကြီးဌာန၏ အကြောင်းကြားချက်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီ၏ အကြောင်းကြားချက်အရဖြစ်စေ၊ အခြား နည်းလမ်းတစ်ခုခုအရဖြစ်စေ သိရှိသည့် သို့မဟုတ် လက်ခံ ရရှိသည့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုကို သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက် ရမည်-<br>(က) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ပြေငြိမ်းစေရန် ဖျန်ဖြေပေးခြင်း၊<br>( ခ ) ပုဒ်မခွဲ (က) အရ ဖျန်ဖြေရာတွင် ပြေငြိမ်းမှု ရှိပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် နှစ်ဘက် သဘောတူစာချုပ် ချုပ်ဆိုစေခြင်း၊ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၂၀ | ၂၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၅ တွင် ပါရှိသော "စုပေါင်းအငြင်းပွားမှုကို" ဆိုသည့် စကားရပ်ကို "အငြင်းပွားမှုကို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။<br>၂၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၂၇။ သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သည် ပုဒ်မ ၂၆ အရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်သော အငြင်းပွားမှုအား လက်ခံရရှိသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ပြီး တရားဝင်ရုံးပိတ်ရက်များ မပါနှစ်ရက် အတွင်း သက်ဆိုင်ရာ အငြင်းပွားသူများထံ ဆုံးဖြတ်ချက် ပေးပို့ရမည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း | ၂၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၅ တွင် ပါရှိသော "စုပေါင်းအငြင်းပွားမှုကို" ဆိုသည့် စကားရပ်ကို "အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုကို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။<br>၂၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၂၇။ သက်ဆိုင်ရာခုံသမာဓိအဖွဲ့သည် ပုဒ်မ ၂၆ အရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်သော အကျိုးစီးပွား ဆိုင်ရာအငြင်းပွားမှုအား လက်ခံရရှိသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်ပြီး တရားဝင် ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာ အငြင်း ပွားသူများထံ ဆုံးဖြတ်ချက်ပေးပို့ရမည်။ မရှိမဖြစ် လိုအပ် သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အများပြည်သူ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| | နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ဖြစ်ပါက ဝန်ကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ များသို့ မိတ္တူပေးပို့ရမည်။ | ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက် ဖြစ်ပါက ဝန်ကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ များ သို့ မိတ္တူပေးပို့ရမည်။ | |
| ၂၁ | ၂၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၃၃။ ခုံသမာဓိကောင်စီသည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ ခုံအဖွဲ့ကချမှတ်သော ဆုံးဖြတ်ချက်မိတ္တူကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ နေပြည်တော်အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့ များထံ ပေးပို့ရမည်။ | ၂၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၃၃။ ခုံသမာဓိကောင်စီသည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက် မိတ္တူကို ဝန်ကြီး ဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ ပေးပို့ ရမည်။ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၂၂ | ၃၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၃၈။ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့သည် တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်း ဖြေရှင်းရန် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ချိန်းဆိုသည့် နေ့ရက်၊ အချိန်တွင် ကာယကံရှင် အလုပ်ရှင်နှင့် အလုပ်သမားများ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ၊ တက်ရောက်ရန် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ။ | ၃၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၃၈။ အလုပ်ရှင်သို့မဟုတ် အလုပ်သမား မည်သူမျှ တောင်းဆို တိုင်ကြားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်းဖြေရှင်းရန် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ချိန်းဆိုသည့် နေ့ရက်၊ အချိန် တွင် ကာယကံရှင် အလုပ်ရှင် သို့မဟုတ် အလုပ်သမား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ၊ တက်ရောက်ရန် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ။ | အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၃၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၃၈။ မည်သည့်အလုပ်ရှင်သို့မဟုတ် အလုပ်သမားမျှ တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်း ဖြေရှင်းရန် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ချိန်းဆိုသည့် နေ့ရက်၊ အချိန်တွင် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ တက်ရောက်ရန် ပျက်ကွက်ခြင်း မရှိစေရ။ |
| ၂၃ | ၃၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃၈ ၏နောက်တွင်ပုဒ်မ ၃၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၃၈-က။ မည်သည့် အလုပ်ရှင်၊ အလုပ်သမားမျှ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းရန် ပျက်ကွက်ခြင်းမရှိစေရ။ | ၃၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၈ ၏ နောက်တွင် ပုဒ်မ ၃၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၃၈-က။ အလုပ်ရှင်၊ အလုပ်သမားဖြစ်သူ မည်သူမျှ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းရန် ပျက်ကွက်ခြင်းမရှိစေရ။ ထိုသို့ ဖွဲ့စည်းရန် ပျက်ကွက်ခြင်းကြောင့် သက်ဆိုင်ရာ တရားရုံးမှပြစ်မှု ထင်ရှားစီရင်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းရန် ထပ်မံပျက်ကွက်ခြင်းမရှိစေရ။ | အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၃၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၈ ၏ နောက်တွင် ပုဒ်မ ၃၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၃၈-က။ မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမျှ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းရန် ပျက်ကွက်ခြင်းမရှိစေရ။ ထိုသို့ဖွဲ့စည်းရန် ပျက်ကွက်ခြင်းကြောင့် သက်ဆိုင်ရာ တရားရုံးမှပြစ်မှု ထင်ရှားစီရင်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းရန် ထပ်မံပျက်ကွက်ခြင်းမရှိစေရ။ |
| ၂၄ | ၃၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၃၉။ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် | ၃၃။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၃၉။ အလုပ်ရှင်မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| | ခုံအဖွဲ့က အငြင်းပွားမှုစစ်ဆေးနေစဉ် ထိုအငြင်းပွားမှု မစဲမီတစ်ဆက်တည်း အချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်းမပြုရ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အလုပ်ပိတ်ခြင်း မပြုရ။ | အဖွဲ့က အငြင်းပွားမှုစစ်ဆေးနေစဉ် ထိုအငြင်းပွားမှု မစဲမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်းမပြုရ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အလုပ်ပိတ်ခြင်း မပြုရ။ | |
| ၂၅ | ၃၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃၉ ၏နောက်တွင် ပုဒ်မ ၃၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၃၉-က။ မည်သည့် အလုပ်သမားမျှ အငြင်းပွားမှု ဖြေရှင်းနေစဉ် ကုန်ထုတ်လုပ်မှု ကျဆင်းစေရန် ဆောင်ရွက်ခြင်း မပြုရ။ | ၃၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃၉ ၏နောက်တွင် ပုဒ်မ ၃၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၃၉-က။ အလုပ်သမား မည်သူမျှအငြင်းပွားမှု ဖြေရှင်းနေစဉ် ကုန်ထုတ်လုပ်မှု ကျဆင်းစေရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကျန်ရှိသော အခြားအလုပ်သမားများ၏ အကျိုးစီးပွားပျက်စီးစေရန် ဆောင်ရွက်ခြင်းမပြုရ။ | အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၃၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၃၉ ၏နောက်တွင် ပုဒ်မ ၃၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၃၉-က။ မည်သည့် အလုပ်သမားမျှ အငြင်းပွားမှု ဖြေရှင်းနေစဉ် ကုန်ထုတ်လုပ်မှု ကျဆင်းစေရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကျန်ရှိသော အခြားအလုပ်သမားများ၏ အကျိုးစီးပွားပျက်စီးစေရန် ဆောင်ရွက်ခြင်းမပြုရ။ |
| ၂၆ | ၃၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၃။ မည်သူမျှ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ချုပ်ဆိုခဲ့သည့် သဘောတူ စာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။ | ၃၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၃။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင်ချုပ်ဆိုခဲ့သူ မည်သူမျှ သဘောတူ စာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။ | အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်-<br>၃၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၃။ မည်သည့် အလုပ်ရှင် သို့မဟုတ် အလုပ်သမားမျှ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ရှေ့မှောက်တွင် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ စည်းကမ်း ချက်တစ်ခုခုကို လိုက်နာရန် သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။ |
| ၂၇ | ၃၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၆။ မည်သူမဆို ပုဒ်မ ၃၈ ၊ ပုဒ်မ ၃၈-က ၊ ပုဒ်မ ၃၉ ၊ ပုဒ်မ ၃၉-က နှင့် ပုဒ်မ ၄၅-က တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်း ချမှတ်ရမည်။ | ၃၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၆။ အလုပ်ရှင် သို့မဟုတ် အလုပ်သမား မည်သူမဆို -<br>(က) ပုဒ်မ ၃၈ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ငွေဒဏ်ချမှတ်ရမည်။<br>(ခ) အလုပ်ရှင် သို့မဟုတ် အလုပ်သမား မည်သူမဆို ပုဒ်မ ၃၈-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| | | ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။<br>(ဂ) အလုပ်ရှင် မည်သူမဆို ပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။<br>(ဃ) အလုပ်သမား မည်သူမဆို ပုဒ်မ ၃၉-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။<br>(င) မည်သူမဆို ပုဒ်မ ၄၅-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်း အထိ ငွေဒဏ်ချမှတ်ရမည်။ | |
| ၂၈ | ၃၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ ၏နောက်တွင် ပုဒ်မ ၄၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၄၆-က။ မည်သူမဆို ပုဒ်မ ၃၈၊ ပုဒ်မ ၃၈-က၊ ပုဒ်မ ၃၉၊ ပုဒ်မ ၃၉-က နှင့် ပုဒ်မ ၄၅-က တို့ပါ တားမြစ်ချက်ကို ထပ်မံကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပျက်ကွက်သည့် ရက်တိုင်းအတွက် တစ်ရက်လျှင် ဒဏ်ငွေ ကျပ်တစ်သိန်း ချမှတ်ရမည်။ | ၃၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ ၏နောက်တွင် ပုဒ်မ ၄၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၄၆-က။ (၁) ပုဒ်မ၄၆၊ ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း သုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။<br>(၂) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| | | သိန်းမှ အများဆုံး ကျပ် သိန်းသုံးဆယ် အထိ ငွေဒဏ် ချမှတ်ရမည်။<br>(၃) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဂ) အရ ဖြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယင်းဖြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ဖြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းသုံးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာ အထိ ငွေဒဏ်ချမှတ်ရမည်။<br>(၄) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဃ) အရ ဖြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယင်းဖြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ဖြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ် တစ်ဆယ် သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။<br>(၅) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (င) အရ ဖြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယင်းဖြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ဖြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်း အထိ ငွေဒဏ် ချမှတ်ရမည်။ | |
| ၂၉ | ၄၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၇။ မည်သူမဆို ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ဖြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်း ချမှတ်ရမည်။ | ၄၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၇။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်းနှစ်ဆယ် အောက် မနည်းသော ငွေဒဏ် ချမှတ်ရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၃၀ | ၅၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၈။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်သိန်းနှစ်ဆယ် ချမှတ်ရမည်။ | ၅၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၈။ မည်သူမဆို ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ဖြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်း အောက် မနည်းသော ငွေဒဏ် ချမှတ်ရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏<br>အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏<br>အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏<br>သဘောထားမှတ်ချက် |
|---|---|---|---|
| ၄၁ | ၄၁။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ မည်သူမဆို ပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၃-က တို့ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်းတစ်ရာ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်များကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။ | ၄၁။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၄၈-က။ (၁) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုသူ၊ အလုပ်ရှင် သို့မဟုတ် အလုပ်သမား မည်သူမဆို ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည့်ပြင် အလုပ်သမားရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်ကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။<br>(၂) ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းတစ်ရာမှ အများဆုံး ကျပ်သိန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည့်ပြင် အလုပ်သမား ရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်ကို အလုပ်သမားအားပေးချေရန် အမိန့်ချမှတ်ရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၄၂ | ၄၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၉ ၏ နောက်တွင် ပုဒ်မ ၄၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၄၉-က။ သက်ဆိုင်ရာခုံသမာဓိအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးသည် သတ်မှတ်ထားသည့် အရည်အချင်း ပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းခံရမည်။ | ၄၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၉ ၏ နောက်တွင် ပုဒ်မ ၄၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၄၉-က။ ခုံသမာဓိကောင်စီ သို့မဟုတ် သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးအား သတ်မှတ်ထားသည့် အရည်အချင်း ပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထိုသူအား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |

| စဉ် | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် |
|---|---|---|---|
| ၃၃ | ၄၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၉-က ၏ နောက်တွင် ပုဒ်မ ၄၉-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>၄၉-ခ။ နိုင်ငံ့ဝန်ထမ်းများသည် အလုပ်သမား အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဤဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေတို့နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ | ပယ်ဖျက်သည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |
| ၃၄ | ၄၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၅၀။ ညှိနှိုင်းရေးကော်မတီ သို့မဟုတ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိ ကောင်စီတို့သည် သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရမည်ဖြစ်ပြီး သက်တမ်းပြည့်သည့်နေ့တွင် ရွေးချယ်တင်မြှောက်ခံရသောအဖွဲ့များကို တာဝန်လွှဲပြောင်းပေးအပ်ရမည်။ | ၄၃။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>၅၀။ ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိ ကောင်စီတို့သည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရမည်ဖြစ်ပြီး သက်တမ်းပြည့်သည့်နေ့တွင် ရွေးချယ်တင်မြှောက်ခံရသော အဖွဲ့များကို တာဝန်လွှဲပြောင်းပေးအပ်ရမည်။ သို့သော် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း ဤဥပဒေနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက် ထမ်းဆောင်ရမည်။ | ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း။ |